“ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း၊ အတူတကွကြွယ်ဝချမ်းသာခြင်း”

# လက်ဖက်စိုက်ပျိုးသောတောင်သူများကို ချမ်းသာလာစေအောင် တက္ကသိုလ်ဘွဲ့ရအစိုးရဝန်ထမ်းကကူညီပေးခြင်း

လီကျမ်ရှင်သည် ချမ်းနင်ခရိုင်ရေပူ စမ်းမြို့နယ်စုံစမ်ရွာတွင်ရှိသော တက္ကသိုလ် ကျောင်းပြီး ဘွဲ့ရအစိုးရဝန်ထမ်းတစ်ဦး ဖြစ်သည်။ သူသည် ယူနန်စိုက်ပျိုးရေး ပညာတက္ကသိုလ် ရုက္ခပင်များကာကွယ် ထိန်းသိမ်းမှု မေဂျာဘွဲ့ရရှိထားသူတစ်ဦး ဖြစ်သည်။ လီကျမ်ရှင်သည်(၂၀၁၅)ခုနှစ် နိုဝင်ဘာလတွင် စုံစမ်ရွာသို့ အလုပ်လာ ဆင်းကတည်းက သူ့ကိုယ်သူ လက်ဖက် တွေကြားမှာပဲ “စိမ်ထား” လေ့ရှိသည်။ စိုက်ပျိုးခြင်း၊ အုပ်ချုပ်ခြင်း၊ ခူးယူခြင်း၊ အချောကိုင်ခြင်းလုပ်ငန်းများကို ကဏ္ဍ တစ်ခုချင်းစီ၏ နည်းပညာအတွေးအမြင် အသစ်များကို လက်ဖက်စိုက်ပျိုးသော တောင်သူများအား ဖြန့်ဝေပေးခဲ့သည်။

ရွာတွင်နေထိုင်သော နှစ်နှစ်တာ အချိန်ကာလအတွင်းတွင် နည်းပညာ သင်တန်း(၃၀)ကျော်နှင့် သင်တန်းသား (၅၀၀)ကျော်၊ လက်ဖက်ယဉ်ကျေးမှုသင် တန်းကျောင်းသား(၂၀၀)၊ ရွာသား(၁၀၀) ကျော်ကိုလီကျမ်ရှင်က ပညာသင်ကြား ပေးခဲ့သည်။ သူသည် မိဘ၏ကူညီ ထောက်ပံ့မှုကြောင့် ငွေကြေးချေးယူပြီး လက်ဖက်ဟောင်းထုတ်လုပ်ရိုတစ်ခုကို ငါးရမ်းလိုက်ကာ လုပ်ဖော်ကိုင်ဖက်နှင့် အတူပြုပြင်ပြောင်းလဲမှုများလုပ်ဆောင် ၍ လက်ဖက်ကုမ္ပဏီကို တည်ထောင်ခဲ့ သည်။ “တက္ကသိုလ်ဘွဲ့ရအစိုးရဝန်ထမ်း+ ကုမ္ပဏီ+လက်ဖက်စိုက်ပျိုးရေးသမား” စနစ်ကို ကျင့်သုံးပြီး လက်ဖက်ထုတ်လုပ် ရေးလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုး တက်မှုအတွက် လမ်းစရှာဖွေခဲ့ပါသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ် ငန်းကဏ္ဍအနေနှင့် လီကျမ်ရှင်သည် ဆင်းရဲနွမ်းပါးသူစာရင်းဝင်အိမ်ထောင်စု နှစ်ခုကို တာဝန်ခံကူညီပေးလိုက်သည်။ သူသည် ၎င်းဆင်းရဲနွမ်းပါးအိမ်(၂)စုသို့ အမြဲတန်းသွားရောက်ပြီး သဘာဝပတ် ဝန်းကျင်နှင့်ကိုက်ညီသော လက်ဖက်စိုက် ပျိုးနည်း၊ သိပ္ပံနည်းကျစီမံခြင်းနည်းပညာ များကို ညွှန်ကြားပေးပါသည်။ ထို့အပြင် လက်ဖက်အစို ဝယ်ယူသည့်အခါတွင် အဆိုပါလက်ဖက်စိုက်ပျိုးသောတောင်သူ အိမ်ထောင်နှစ်စုကို သာမှန်သဘာဝလက် ဖက်ဈေးနှုန်းအပြင် ထောက်ပံ့ကြေးငွေ အဖြစ် တစ်ကီလိုဂရမ်တရုတ်ငွေ(၀.၅)ယွမ် ပေးအပ်လိုက်သေးသည်။

လီကျမ်ရှင်တာဝန်ခံကူညီထောက် ပံ့သည့် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု လီရင်စူ၏အိမ်တွင် ကျောင်းတက်နေသော ကလေးငယ်သုံးဦးရှိနေသည်။ “လီကျမ် ရှင်က ကျွန်တော်တို့အိမ်ကို လာကူညီပေးတဲ့ အတွက် တကယ်ဝမ်းသာပါတယ်။ သူက ကျွန်တော်တို့ကို လက်ဖက်စိုက်နည်းများ၊ လက်ဖက်ထိန်းသိမ်းနည်းများ၊ လက်ဖက် ခူးနည်းပညာများကို သင်ကြားပေးရုံသာ မကပဲ ကျွန်တော်တို့ရဲ့လက်ဖက်စိုက်ကို ပုံ



မှန်ဈေးနှုန်းအပြင်၊ တစ်ကီလိုဂရမ် တရုတ်ငွေ(၀. ၅)ယွမ် ထပ်မံပေးအပ် သေးတယ်။”ဟု လီရင်စူသည် လီကျမ်ရှင် ၏ကူညီပေးအကြောင်းကို စိတ်လှုပ်ရှား စွာပြောခဲ့သည်။ (၂၀၁၇)ခုနှစ်တွင် လီ ရင်စူ၏ အိမ်တွင်လက်ဖက်စိုက်ပျိုးခြင်းမှ ဝင်ငွေ တရုတ်ယွမ်(၂. ၄)သောင်းကျော် ရရှိပြီး (၂၀၁၆)ခုနှစ်နှင့်နှိုင်းယှဉ်လျှင် (၄၀၀၀)ကျော် တိုးများလာပါသည်။

သတင်းထောက် ရမ်ကျီဟွေ

“ခရီးသွားခြင်း”

# ပြင်သစ်သို့သွားရောက်ပြီး ယူနန်ခရီးသွားရှုခင်းသာမိတ်ဆက်ပွဲကျင်းပခြင်း

ဇူလိုင်လ(၄)ရက်နေ့တွင် ယူနန်ပြည် နယ်ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ သည် ပြင်သစ်နိုင်ငံပဲရစ်မြို့တွင် “ရောင်စုံ လှပသောယူနန်၊ ခရီးသွားသုခမြေ”ကြော် ငြာမိတ်ဆက်ပွဲကို ကျင်းပခဲ့ပါသည်။

စုံစမ်းမေးမြန်းခြင်းအရ သိရသည် မှာ- (၂၀၁၇)ခုနှစ်ယူနန်ပြည်နယ်သို့လာ ရောက်လည်ပတ်သော ပြည်ပခရီးသွား ဧည့်သည်ဦးရေသည် (၆. ၆၈)သန်းရှိပြီး တရုတ်ပြည်သွင်းသို့ခရီးသွားဧည့်သည်ဦး ရေအများဆုံးရောက်ရှိသည့်ပြည်နယ်များ စာရင်းအတွင်း ပဉ္စမနေရာတွင်ရှိသည်။ နှစ်ပေါင်းများစွာအတွင်း အထူးသဖြင့် (၂၀၁၄)ခုနှစ်တွင် ကူမင်းမှပဲရစ်သို့ တိုက် ရိုက်ပျံသန်းသော လေကြောင်းလိုင်းဖွင့် လှစ်ပြီးသည့်နောက်တွင် ယူနန်နှင့်ပြင် သစ်အကြား ခရီးသွားလာရေးအကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းများ စဉ်ဆက် မပြတ်တိုးမြှင့်လာလျက်ရှိနေပါသည်။ ယူနန် သို့ ခရီးသွားလာသောပြင်သစ်ခရီးသွား ဧည့်သည်ဦးရေသည်လည်း တစ်နှစ်ထက် တစ်နှစ်တိုးပွားလာပါသည်။ (၂၀၁၇) ခုနှစ်တွင် ယူနန်သို့လာရောက်လည်ပတ် သော ပြင်သစ်ခရီးသွားဧည့်သည်ဦးရေ သည် သိန်းပေါင်း(၁. ၅၈)ရှိသည်။ ယူနန် ပြည်နယ်သို့လာရောက်သော ဥရောပ ခရီးသွားဧည့်သည်များအနက် ပြင်သစ် ခရီးသွားဧည့်သည်ဦးရေသည် ဒုတိယ အများဆုံးဖြစ်နေပါသည်။

ယူနန်ပြည်နယ်ခရီးသွားဖွံ့ဖြိုးတိုး တက်ရေးကော်မတီမှ တာဝန်ရှိသူက ပြင် သစ်ခရီးသွားကုမ္ပဏီနှင့် မီဒီယာများသည် ယူနန်ပြည်နယ် ခရီးသွားလည်ပတ်ခြင်း မိတ်ဆက်ခြင်းကို အားစိုက်ဆောင်ရွက်လို ကြကြောင်း၊ ပိုမိုများပြားသော ခရီးသွား ဧည့်သည်များကို ယူနန်သို့လာရောက် လည်ပတ်ရန် ဆွဲဆောင်ပေးလိုကြပါ ကြောင်း၊ ပြင်သစ်ခရီးသွားကုမ္ပဏီများယူ နန်ပြည်နယ်ခရီးစဉ်များနှင့်ခရီးသွားလုပ် ငန်းသက်ဆိုင်ရာထွက်ကုန်များကို လာ ရောက်လေ့လာရန် နွေးထွေးစွာဖိတ် ခေါ်ပါကြောင်း စသည်ဖြင့်ပြောကြားခဲ့ ပါသည်။ ပြင်သစ်နိုင်ငံအခြေစိုက်တရုတ် သံရုံးမှ သက်ဆိုင်ရာတာဝန်ရှိသူက ထိုကဲ့ သို့ပြောသည်။ ယူနန်ပြည်နယ်သည် ခရီး သွားအရင်းအမြစ်ကြွယ်ဝသည်။ သဘာဝ ပတ်ဝန်းကျင်ကောင်းမွန်သည်။ တိုင်းရင်း သားရိုးရာဓလေ့များစွာဆန်းကျယ်သည်။ ပြင်သစ်ခရီးသွား ဧည့်သည်တော်များကို ဆွဲဆောင်နိုင်သော ခရီးသွားနေရာတစ်ခု ဖြစ်ပေသည်။ ပြင်သစ်နိုင်ငံအခြေစိုက် တရုတ်သံရုံးသည်ပြင်သစ်နိုင်ငံတွင်ယူနန် ခရီးသွားဈေးကွက်ကို တိုးချဲ့လုပ်ဆောင် ပေးနိုင်ပြီး ပြင်သစ်ခရီးသွားဧည့်သည် အများအပြားက ယူနန်သို့ခရီးသွားကြရန် ကူညီပေးသွားမည်ဖြစ်သည်။

သတင်းထောက် လျှိုကျီယူ

“သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်း”

# တောင်သူများသည် ဖူရှယ်အင်းကို ကာကွယ်ထိန်းသိမ်းရန် ကြိုးပမ်းလျက်ရှိနေ

တောင်သူလီစီဖန်သည် ခရီးသွား မြို့နယ် ကွယ်လုံမြို့နယ်အတွင်းရှိသော (၄၅၀)စတုရန်းမီတာကျယ်သည့် နေအိမ် အသစ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ မြို့နယ်တွင် နေထိုင်မှုပုံစံနှင့်ပိုမိုနီးစပ် လာသည်ကိုစဉ်းစားမိပြီး “နေသားထိုင်သား ကျသွားပြီးလျှင် ကျွန်တော်က ခရီးသွား ဧည့်သည်များအတွက် homestay တည်း ခိုခန်းတစ်ခုကို ဖွင့်ဖို့စဉ်းစားထားတယ်။ အခုအချိန်မှာ အင်းဘေးပတ်လည်ပတ်ဝန်း ကျင်လည်း ပိုမိုကောင်းမွန်လာပါတယ်။ တည်းခိုခန်းဖွင့်ရင် ဧည့်သည်များမှာ သေ ချာပါတယ်။”ဟု သူကပြောပြီး မျက်နှာ ပေါ်တွင် စိတ်လှုပ်ရှားခြင်းနှင့်မျှော်လင့် ချက်များစွာဖော်ပြနေသည်ကို တွေ့မြင်ရ သည်။



လီစီဖန်သည် ယူနန်ပြည်နယ်ယုစီ မြို့ချိန်ကျမ်းခရိုင် လုံကျယ်လမ်းကွမ်လုံ ရပ်ကွက်တွင် နေထိုင်သော တောင်သူဖြစ် ပါသည်။ ခေတ်အဆက်ဆက်ကဘိုးဘွား များသည် အင်းနားဘေးတွင်နေထိုင်လျက် ရှိခဲ့ကြပါသည်။ သူ၏မှတ်ဉာဏ်ထဲတွင် ငယ်စဉ်အချိန်တုန်းက ဖူရှယ်အင်းရေများ သည်မှန်ကဲ့သို့ကြည်လင်ပါသည်။ ရေကူး ခြင်း၊ ကစားခြင်းအတွက်အကောင်းဆုံး နေရာဖြစ်ပါသည်။

ဖူရှယ်အင်းအတွင်း ရေစုဆောင်း မှုပမာဏသည်သန်းပေါင်း(၂၀၆၀၀)ကုဗ မီတာရှိပါသည်။ တရုတ်နိုင်ငံအတွင်း အရေအတွက်နည်းပါးသောအဆင့် Iမျိုး စားရေချိုအင်းတစ်ခုဖြစ်သည်။ ဖူရှယ်အင်း သည် ကုန်းမြင့်မြေချိုင့်ဝှမ်းအင်းအိုင်ဖြစ် သည်။ ရေစုစည်းရာမျက်နှာပြင်သည် အင်းအိုင်မျက်နှာပြင်၏ နှစ်ဆသာရှိသည်။ ထို့အပြင် အင်းတစ်ဝှမ်းသစ်ပင်လွှမ်းခြုံ နှုန်းလည်း အလွန်နည်းပါးခြင်း၊ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်လွယ်ကူခြင်းစသည့် ထူးခြားချက်များလည်း ရှိသောကြောင့် ရေညစ်ညမ်းမှုများ ဖြစ်ပွားသွားပါက ပြန်လည်ကောင်းမွန်အောင် လုပ်ဆောင် ရခက်ခဲသည်။

အဆိုပါအင်းအိုင်ကို ကာကွယ် ထိန်းသိမ်းရန်အတွက် ယုစီမြို့သည် “လူ သားများရွှေ့ပြောင်းခြင်း၊ နေအိမ်ရွှေ့ ပြောင်းခြင်း၊ လယ်ယာမြေများလျှော့ချ ခြင်း၊ လူသုံးရေကန်လျှော့ချခြင်း၊ အင်း အိုင်ကိုပြန်လည်ဖြစ်စေခြင်း၊ ရေများပိုမို ကြည်လင်လာစေခြင်း၊ မြေစိုဒေသလည်း ပြန်လည်ရရှိခြင်း” ကိုဗဟိုထားပြီး ဖူရှယ် အင်းကာကွယ်အုပ်ချုပ်မှုအင်အားများကို တိုးချဲ့သည်။ စီမံခန့်ခွဲခြင်းအရဖူရှယ် အင်း အဆင့်(၁)ကာကွယ်ထိန်းသိမ်းမှု ဇုန်အတွင်းရှိ လူဦးရေ(၂. ၈)သောင်း ကျော်ကို အသုတ်ခွဲပြီးအခြားနေရာသို့ရွှေ့ ပြောင်းပေးသွားမည်ဖြစ်သည်။

ရေပြာပြာ တောင်စိမ်းစိမ်းသည် အဖိုးတန်လှပေသည်ဟူသော အတွေးသည် ဒေသခံပြည်သူလူထုအများစုက လက်ခံ လာကြသည်။ သူတို့တတွေသည် စိုက်ပျိုး ရေးဖွံ့စည်းပုံများပြောင်းလဲခြင်းကို လုပ် ဆောင်လာကြသည်။ ယခင်က ရေအများ အပြားအသုံးပြုသော၊ မြေသြဇာအများ အပြားအသုံးပြုလိုအပ်သောသီးရွက်များ ကို စိုက်ပျိုးသည်။ ယခုအချိန်တွင် ကြာ စွယ်များကို စိုက်ပျိုးလာကြသည်။ မြေမျက် နှာပြင်မှုပေါင်းသောင်းချီရှိသော မြေစို ဉယျာဉ်ကိုလည်း တည်ဆောက်ထားပြီး အများကျန်းမာရေးနှင့်ညီညွတ်သော ခရီး သွားစီမံကိန်းကြီးကို အကောင်အထည် ဖော်ဆောင်နေပါသည်။

“ဖူရှယ်အင်းကိုထိန်းသိမ်းစေဖို့ အခု နှစ်ပိုင်းကာလထဲမှာ လုပ်ဆောင်ချက် အများအပြားလုပ်ဆောင်နေတယ်။ အင်း အိုင်ထဲသို့အဝတ်လျှော်ခြင်း၊ ဟင်းရွက် ဆေးခြင်းကို ရွာသူရွာသားများလုံးဝမ လုပ်ဆောင်ကြတော့ပေ။ ရွာထဲမှာခြင် ယင်တွေတောင်လည်း မရှိတော့ဘူး” ဟု ကွယ်လုံရပ်ကွက်ပါတီအထွေထွေအတွင်း ရေးမှူးဟိုယုံခွမ်က ထိုကဲ့သို့ပြောကြားခဲ့ သည်။ သူ၏ထင်မြင်ချက်အရ၊ အင်းရေ ကို ကာကွယ်ထိန်းသိမ်းထားလျှင် နောက် နောင်တွင် ခရီးသွားဧည့်သည်ဦးရေပိုမိုများ ပြားလာမည်ဖြစ်သည်။ ရွာသူရွာသား များအတွက်လည်း အကျိုးဖြစ်ထွန်းစေ လိမ့်မည်။ “ဘာအလုပ်လုပ်ချင်တာဖြစ် ဖြစ်၊ ဖူရှယ်အင်းကို ကောင်းကောင်းကာ ကွယ်ထိန်းသိမ်းလာတာဟာ အဓိကအလုပ် ပါ”ဟု ဟိုယုံခွမ်က ဆက်လက်ပြောကြား ပါသည်။

ဆင်ဟွာသတင်းဌာန